# ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ခြင်း

ထွန်းအောင်ကျော်

## အပိုင်း (၁)

**နောက်ခံသမိုင်း**

မြန်မာနိုင်ငံကို ဗြိတိသျှကိုလိုနီစနစ်အောက်မှ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းမှုကို ဦးရွက်ပြုလုပ်နေသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ရှမ်းပြည် ပင်လုံမြို့လေးတွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် လွတ်လပ်ရေးကို အတူတကွ ယူပါမည်ဆိုသည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် မြန်မာပြည် လွတ်လပ်ရေး ရရှိခဲ့သည့်အခါ ၁၉၄၇ အခြေခံဥပဒေသည် ပြည်ထောင်စုစနစ်အုပ်ချုပ်ပုံမဟုတ်ဘဲ တပြည်ထောင်စံနစ်သာဖြစ်သည်ဟု ရှမ်းခေါင်းဆောင်များက ဦးဆောင်တင်ပြလာခဲ့ပြီး အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရေးကို တောင်းဆိုလာခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးနောက် ပြည်တွင်းလက်ဝဲ ကွန်မြူနစ်များက ပုန်ကန်ထကြွခဲ့ပြီး၊ ကရင်တပ်များကလည်း ကေအင်ဒီအို (KNDO) Karen National Defense Organization က ဦးဆောင်ပြီး ပုန်ကန်ခဲ့ကြသဖြင့် လွတ်လပ်ခါစနိုင်ငံသည် ပြည်တွင်းစစ်မီးများကြားတွင် ကျရောက်ခဲ့ရသည်။ ထိုအခါ ပြည်သူများက သူပုန်များကို နှိမ်နင်းနေသည့် တပ်မတော်ကို အားကိုးလာခဲ့ကြပြီး တပ်မတော်၏ အခန်းကဏ္ဍသည် မြန်မာနိုင်ငံရေးတွင် အရေးပါလာခဲ့သလို ပြည်တွင်းစစ်ကို ရင်ဆိုင်ရင်း ဩဇာအာဏာ ကြီးမားလာခဲ့ရသည်။ တပ်မတော်ဗိုလ်ချုပ်ကြီး နေဝင်းကို အားကိုးလာခဲ့ကြသည်။

ပြည်တွင်းစစ်ဖြစ်ရခြင်းမှာ မြန်မာပြည်ကွန်မြူနစ်ပါတီမှ အာဏာရယူရန်အတွက် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက မြန်မာပြည်မှ ခွဲထွက်၍ မိမိကိုယ်ပိုင်နိုင်ငံ ထူထောင်လိုခြင်းနှင့် အုပ်ချုပ်နေသော အစိုးရမှ စစ်မှန်သော ဖယ်ဒရယ်အခြေခံဥပဒေကို မရေးဆွဲနိုင်ခြင်းကြောင့်ဟု ယေဘုယျသုံးသပ်နိုင်ပါသည်။ လက်ဝဲ လက်ယာနိုင်ငံရေးအဖွဲ့အစည်းများမှ ကိုယ်လိုရာဆွဲရေးသည့် သမိုင်းကလည်းရှိသဖြင့် အဓိက ပြည်တွင်းစစ်ဖြစ်ရခြင်း (၃) ချက်ကို အကျဉ်းရုံး၍ တင်ပြခြင်းဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် ဖြစ်ထွန်းလာခြင်းမှာ ပင်လုံညီလာခံတွင် ပါသည့် ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ဆိုသည့် စာပိုဒ်သည် အဓိကအကြောင်းအရာ ဖြစ်နေသည်ဟုထင်သည်။ မြန်မာတနိုင်ငံလုံး လွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ပင်လုံမြို့တွင် ဆွေးနွေးခဲ့ကြစဉ် တန်းတူညီမျှရေးနှင့် အကယ်၍ မကျေနပ်လျှင် နောင် (၁၀) နှစ်အကြာတွင် ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့် ရှိစေရမည်ဆိုသည့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက ထိုစဉ်အခါက ဗြိတိသျှတို့က ပြည်မနှင့် တောင်တန်းဒေသဟူ၍ အုပ်ချုပ်ထားခြင်းကြောင့် အကယ်၍ ဤအချက်ကို လက်မခံပါက တိုင်းရင်းခေါင်းဆောင်များက ပြည်မနှင့်အတူ မပူးပေါင်းဘဲ ကျန်ရစ်ခဲ့မည်ကို စိုးရိမ်သည့်အတွက် လက်မှတ်ရေးထိုးပေးခဲ့သည်ဟု ယူဆရသည်။

တချို့သော လက်ဝဲနိုင်ငံရေးသမားများက "အောင်ဆန်း အသုံးမကျလို့ လက်မှတ်ထိုးခဲ့တာ၊ အောင်ဆန်းဟာ တရားခံ" ဟု စွပ်စွဲခဲ့ကြသည်။ ထိုစဉ်က ခွဲထွက်ပိုင်ခွင့်ကို ဗိုလ်ချုပ်အောင်ဆန်းက လက်မှတ်မထိုးခဲ့လျှင် မြန်မာရာဇဝင်သည် တမျိုးတဖုံပြောင်းလဲ သွားလိမ့်မည်ဖြစ်သည်။ လက်မှတ်မထိုးသဖြင့် သဘောတူညီချက်မရဘဲ တိုင်းရင်းသားများက ဗြိတိသျှအင်ပါယာခနေသဟာယထဲတွင် ကျန်ရစ်ခဲ့ပြီး မြန်မာနိုင်ငံသည် ပြည်မနှင့်သာ လွတ်လပ်ရေးရ လာစရာအကြောင်းရှိသည်။ ရှမ်းပြည်၊ ကယားပြည်၊ ချင်းပြည်၊ ကချင်ပြည်နယ်တို့ ဗြိတိသျှလက်အောက်မှ မည်သည့်အခါတွင် လွတ်လပ်ရေးရမည် မပြောနိုင်သော်လည်း အကယ်၍ သီးခြားလွတ်လပ်ရေးရရှိပါကလည်း ရှမ်းပြည်သည် ပတ်လည်တွင် ကုန်းလမ်းပိတ် (Land Lock) နိုင်ငံအဖြစ် ပေါ်ထွက်လာပြီး ပင်လယ်ထွက်ပေါက်အဖြစ် မြန်မာနိုင်ငံ၊ ယိုးဒယားနိုင်ငံတို့ကို အားကိုးရမည့် အနေအထားဖြစ်ပေလိမ့်မည်။ ထို့အပြင် ရှမ်းပြည်သည် ယိုးဒယားပြည်နှင့် ပူးပေါင်းကောင်း ပူးပေါင်းသွားနိုင်ချေရှိသည်။ ဥပမာ SSA ခေါင်းဆောင် ခွန်ဆာ၏ ဌာနချုပ်တွင် ထိုင်းဘုရင်နှင့် မိဖုရားဓာတ်ပုံကြီးများ ချိတ်ဆွဲထားပြီး ခွန်ဆာက ၎င်း၏ ဘုရင်နှင့် မိဖုရားဟု ဆိုခဲ့သည့် သာဓကရှိသည်။ သို့မဟုတ် နိုင်ငံကြီးဖြစ်သည့် ယိုးဒယား သို့မဟုတ် ဗမာက ဝင်ရောက်သိမ်းပိုက်နိုင်သည်။ ထို့အတူ ကချင်နိုင်ငံငယ်လေးသည်လည်း ရှမ်းအလား ကုန်းပိတ်နိုင်ငံဖြစ်၍ မြန်မာနှင့် တရုတ်ကို အားကိုးရပေလိမ့်မည်။ တရုတ်က တိဗက်ပြည်ကို ဝင်သိမ်းသလို သိမ်းယူသွားနိုင်ခြေရှိသလို မြန်မာနိုင်ငံကလည်း မိမိပိုင်နယ်မြေအဖြစ် တောင်းယူသိမ်းပိုက်ခံရဖွယ်လည်း ရှိနိုင်သည်။ ထိုနည်းတူ ချင်းနိုင်ငံအဖြစ် ထွက်ပေါ်လာမည်ဆိုပါက ပြည်မကိုပင် အားကိုးရမည့်အသွင်ရှိသည်။ သို့မဟုတ် ကုလားနှင့် ပေါင်း၍ မီဇိုရမ်ပြည်နယ်ထဲတွင် ပါဝင်သွားနိုင်သည်။

ဗိုလ်ချုပ်အောင်ဆန်း အမြော်အမြင်ရှိသည့်အတွက်ကြောင့် ယနေ့အထိ မြန်မာနိုင်ငံဟူ၍ တိုင်းရင်းသားများအားလုံး စုစည်းထားသည့် အနေအထားသို့ ရှိနေခဲ့သည်ဟုဆိုလျှင် မမှားနိုင်ပါ။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များ ယုံကြည်ကိုးစား

သည့် ပုဂ္ဂိုလ်ကို မသမာသူတစုက လုပ်ကြံသတ်ဖြတ်လိုက်ပြီးနောက် တိုင်းရင်းသားများ၏ ရပိုင်ခွင့်များ၊ တန်းတူညီမျှရေးဆိုသည့် ကတိများကို နောင်တက်လာသည့် ခေါင်းဆောင်များက ပျက်ကွက်ခဲ့ကြသည်။

ဝန်ကြီးချုပ် ဦးနုကို ၁၉၆၁ ခုနှစ် ဖွန်လတွင် ကရင်၊ ကရင်နီ၊ ကချင်၊ ရှမ်း၊ မွန်နှင့် ရခိုင်တိုင်းရင်းသားခေါင်းဆောင် (၂၀၀) ကျော် တက်ရောက်သည့် တောင်ကြီးမြို့ ညီလာခံမှ အခြေခံဥပဒေပြင်ဆင်ရေးကို တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် ထိုကိစ္စကို ဖြေရှင်းရန် ဦးနုက ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ၌ ရန်ကုန်မြို့တွင် "အမျိုးသားနီးနှောဖလှယ်ပွဲကို ကျင်းပပြုလုပ် ပေးခဲ့သည်။ တိုင်းရင်းသားခေါင်းဆောင်များ၊ အစိုးရကိုယ်စားလှယ်တော်များနှင့် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ရှမ်းပြည်နယ် ဥက္ကဋ္ဌ ဝန်ကြီး စပ်ခွန်ချိုက အစည်းအဝေးတွင် ပြည်မကို ပြည်နယ်တနယ်အဖြစ် သတ်မှတ်ဖွဲ့စည်းရေး၊ လွှတ်တော် (၂) ရပ် အာဏာတူရေး၊ လူမျိုးစုလွှတ်တော်သို့ ပြည်နယ်များက တူညီသည့် ကိုယ်စားလှယ်အရေအတွက်ပေးရေး၊ ပြည်နယ်များမှ မိမိဆန္ဒအလျှောက်လွှဲအပ်သော အာဏာကိုသာ ပြည်ထောင်စု ဗဟိုအစိုးရမှ ရရှိနိုင်ရေး၊ ကျန်အာဏာကို ပြည်နယ်များတွင် ထားရှိရေးတို့ဖြစ်သည်။

၎င်းအကျိုးဆက်သည် နောက်တလအကြာ မတ်လ (၂) ရက်နေ့ ၁၉၆၂ နှစ်တွင် ဗိုလ်နေဝင်းက တိုင်းပြည်ပြိုကွဲတော့မည်ဆိုသည့် အကြောင်းပြချက်ကို အသုံးချ၍ စစ်တပ်ကို ခုတုံးလုပ်၊ အခြေဥပဒေကို သစ္စာဖေါက်ဖျက်၍ အာဏာသိမ်းပိုက်ခဲ့ပြီး စစ်အာဏာရှင်စနစ်ကို ထူထောင်ခဲ့လေသည်။

**ဖယ်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေးအတွက် ရင်ဆိုင်ရမည့် အတားအဆီးများ**

(၁) ဗမာမုန်းတီးရေးစိတ်ဓာတ်။
(၂) မိမိလူမျိုးတမျိုးတည်းကိုသာ ကြည့်လုပ်ဆောင်ရွက်သော လုပ်ရပ်။
(၃) လူမျိုးကြီးဝါဒတည်ရှိနေမှု။
ဤသုံးချက်သည် ဖယ်ဒရယ်ပြည်ထောင်စုအတွက် အဟန့်အတားကြီးများဖြစ်သည်။

**(၁) ဗမာမုန်းတီးရေးစိတ်ဓာတ်**

တိုင်းရင်းသားများသည် ပြည်တွင်းစစ်ဒဏ်ကြောင့် မိမိတို့ အိုးအိမ်ပစ်၍လည်းကောင်း၊ သားမယား သေကြေပျက်စီး၍ လည်းကောင်း၊ စစ်တပ်၏ ချောဆွဲ ပေါ်တာလိုက်ရ၍ လည်းကောင်း၊ သားပျို သမီးပျိုများ ဖျက်ဆီးခံရ၍လည်းကောင်း စစ်တပ်ကို မုန်းတီးလာကြသည်။ ဗမာစစ်တပ်ဟူ၍ ဗမာလူမျိုးများကိုပါ မုန်းတီးနေကြသည်။ အမှန်စဉ်စစ် ဗမာလူမျိုးများလည်း

တိုင်းရင်းသားပြည်သူများနည်းတူ စစ်အာဏာရှင်စနစ်ဒဏ်ကို ခံစားနေကြရသည်။ စစ်အာဏာရှင်တို့ကို တိုင်းရင်းသားများနည်းတူ တိုက်ပွဲဝင်နေကြသည်ကို နားလည်သဘောပေါက်လာလျှင် လူမျိုးရေးမုန်းတီးမှုကို ပြေပျောက်အောင် လုပ်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ပြည်နယ်များရှိ တိုင်းရင်းသားများအများစုမှာ ပြည်မသို့ မရောက်ဘူးကြသဖြင့် ပြည်မတွင်လည်း ပြည်နယ်များမှာကဲ့သို့ နှိပ်စက်ညှင်းပန်းမှုရှိကြောင်း မသိမြင်ကြသဖြင့်သာ ဗမာတပ်ဟူ၍ ဗမာလူမျိုးများကို မုန်းတီးနေကြခြင်းဖြစ်သည်။ ဗမာခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင်၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်၊ မင်းဇေယျာတို့ ထောင်ထဲတွင် ဆယ်စုနှစ် နှစ်ခုနေလျက် တိုက်ပွဲဝင်နေကြခြင်းကို သိချင်မှ သိပေလိမ့်မည်။ ရှမ်းခေါင်းဆောင် ဦးခွန်ထွန်းဦး၊ ဗိုလ်ချုပ်ဆေထင်တို့ကိုသာ သိရှိချင်သိရှိနေမည်ဖြစ်သည်။

အချုပ်မှာ လူမျိုးရေးမုန်းတီးမှုသည် ပြည်ထောင်စုကြီးပေါ်ပေါက်ရေးအတွက် ကြီးမားသော အဟန့်အတားကြီးဖြစ်သည်။ စစ်အာဏာရှင်စနစ်ကြောင့်သာ ဗမာလူမျိုးများ အပါအဝင် တိုင်းရင်းသားများအားလုံး ဒုက္ခဆင်းရဲခံနေရသည်ကို ရှင်းလင်းစွာသိပြီး လူမျိုးရေးမုန်းတီးမှုမှာ မှားယွင်းကြောင်း သိမြင်လာဖို့ အဓိကလိုအပ်သည်။ လူမျိုးရေးမုန်းတီးမှုမရှိမှ၊ တွေ့ဆုံဆွေးနွေးသောအခါတွင် အလွယ်တကူ ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## (၂) မိမိလူမျိုးတမျိုးတည်းအတွက်သာကြည့်ပြီး လုပ်ဆောင်နေသော လုပ်ရပ်

တတိုင်းပြည်လုံးကို တပ်သားသုံးသိန်းကျော်အင်အားဖြင့် ဖိနှိပ်ထားသော စစ်အာဏာရှင်စနစ်ကို မိမိပြည်နယ်တခုတည်း လွတ်မြောက်ရေးအတွက် သက်သက်တိုက်ပွဲဝင်နေမှုသည် **"တောင်ကြီးဖြိုမှဲ့ကြံ ခါးကမသန်"** ဆိုသည့် ပမာဖြစ်နေသည်။ အဓိက တိုင်းရင်းသားခေါင်းဆောင်များ မြင်ရမည်မှာ မြန်မာပြည်တပြည်လုံး လွတ်မြောက်မှ ငါတို့ပြည်နယ်ပါ လွတ်မြောက်မည်၊ ထို့ကြောင့် တပြည်လုံးလွတ်မြောက်ရေးကို ငါတို့ ကြိုးစားရမည်ဆိုသည့် အမြင်ကို ထားရှိဖို့လိုသည်။ ထိုသို့ တပြည်နယ်လွတ်မြောက်ရေးထက် တပြည်လုံးလွတ်မြောက်ရေးဆိုသည့်အမြင်သို့ ပြောင်းပစ်လိုက်ပါက တော်လှန်ရေး အောင်မြင်သောနေ့တွင် ထိုခေါင်းဆောင်များသည် ပြည်နယ်ခေါင်းဆောင်များဘဝသာမက တနိုင်ငံလုံးလွတ်လပ်ရေးကို ဆောင်ကြဉ်းပေးသော အမျိုးသားခေါင်းဆောင်များဘဝသို့ တက်လှမ်းရောက်ရှိလာပေလိမ့်မည်။

## (၃) လူမျိုးကြီးဝါဒ တည်ရှိနေမှု

နေဝင်းလက်ထက်မှစ၍ ယနေ့ သန်းရွှေလက်ထက်အထိ မြန်မာစစ်တပ်သည် လူမျိုးကြီးဝါဒဖြင့် တိုင်းရင်းသားပြည်သူများကို မြန်မာမှု (Burmanization) ပြုခဲ့ကြခြင်းသည် တိုင်း

ရင်းသားစည်းလုံးညီညွတ်မှုကို ကြီးစွာသောထိခိုက်မှု ဖြစ်ပေါ်စေခဲ့သည်။ တိုင်းရင်းသားပြည်နယ်များတွင် တိုင်းရင်းသားဘာသာစာပေများ သင်ကြားခွင့်ကို ပိတ်ပင်၍ မြန်မာစာကိုသာ သင်ကြားစေခြင်း တိုင်းရင်းသားယဉ်ကျေးမှု အမွေအနှစ်များကို ထိမ်းသိမ်းပေးခြင်းမပြုဘဲ မျက်ကွယ်ပြုခြင်းတို့သည် အလွန်ကျဉ်မြောင်းသည့် လူမျိုးကြီးဝါဒဖြစ်သည်။ အမေရိကန်၊ ဥရောပနိုင်ငံများတွင် မူလတန်းအောင်ပြီး (၄-၅) တန်း ရောက်လျှင် အင်္ဂလိပ်ဘာသာစကားအပြင် နိုင်ငံခြားဘာသာရပ်တခုခုကိုပါ တွဲယူရသည်။ နိုင်ငံခြားသား အခြေချသူများ ရောက်လာသည့်အခါတွင် စာသင်အရွယ် ကလေးသူငယ်များကို အင်္ဂလိပ်ဘာသာအပြင် မိမိ လူမျိုးဘာသာစကား မပျောက်ကွယ်ရအောင် စောင့်ရှောက်ကြဖို့ အားပေးကူညီခြင်းကို ပြုကြသည်။ တိုင်းတပါးဘာသာစကား၏တန်ဖိုးကို လေးစားကြသည်။ အမျှော်အမြင်ကြီးကြသည်။ ငါ့ဘာသာစကားပဲ သင်ရမည်မရှိ။ ဘာသာစကားနှင့် ပတ်သက်၍ နောက်တွင် အကျယ်ဆွေးနွေးတင်ပြသွားပါမည်။

## အပိုင်း (၂)

ပထမပိုင်းတွင် ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ရှိသည့် အတားအဆီး (၃) ရပ်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ထိုအတားအဆီး (၃) ရပ်ကို မြန်မာပြည်တွင်းရှိ တိုင်းရင်းသားများ အားလုံးမည်သို့ မည်ကဲ့သို့ ကျော်ဖြတ်ရမည်ကို ဉာဏ်မီသလောက် တင်ပြဆွေးနွေးသွားမည်ဖြစ်သည်။ ထိုသို့တင်ပြဆွေးနွေးရာတွင် ကျနော်၏ စိတ်ထဲတွင် မြန်မာပြည်ဖွား တိုင်းရင်းသား ပြည်သူများအားလုံး ...

(၁) လွတ်လပ်သော လူသားများအဖြစ် ပျော်ရွှင်ချမ်းမြေ့ လူပီသစွာနေထိုင်နိုင်ရေး။
(၂) လူ့အခွင့်အရေး တန်းတူညီမျှ ရရှိရေး။
(၃) စည်းလုံးညီညွတ်သော ဖယ်ဒရယ်စစ်စစ် နိုင်ငံတော်ကြီး ပေါ်ပေါက်ရေး

... ဟူသော စစ်မှန်သည့် စေတနာအမြင်ဖြင့် တင်ပြခြင်းဖြစ်ကြောင်း စကားပလ္လင်ခံပါရစေ။ ထို့ကြောင့် ကျနော်၏ ရေးသားတင်ပြချက်များကို လူမျိုးကြီးစိတ်ဓာတ်ရှိသော ဗမာလူမျိုးများနှင့် ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်ရှိသည့် တိုင်းရင်းသားတို့က လက်သင့်ခံနိုင်လိမ့်မည် မဟုတ်ပေ။

သို့ရာတွင် ပြည်သူတို့ တိုးတက်ဖွံ့ဖြိုးရေး၊ ပြည်တွင်းတွင် တကယ်စစ်မှန်သည့် ငြိမ်းချမ်းရေးကို တည်ဆောက်လိုသော၊ တစည်းတလုံးသော ဖယ်ဒရယ်စစ်စစ်ကို လိုလားသည့် မည်သည့်တိုင်းရင်းသားခေါင်းဆောင်မဆို ကျနော်၏ တင်ပြဆွေးနွေးချက်ကို မူအားဖြင့် လက်ခံနိုင်လိမ့်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ဖယ်ဒရယ်ဆိုလျှင် မထိနဲ့ မကိုင်နဲ့ဟု မိမိပြောမှားဆို

များဖြစ်ခဲ့လျှင် နိုင်ငံရေးသေသွားမည်ဆိုသည့် အတွေးဖြင့် ယနေ့နိုင်ငံရေးသမား တော်တော်များများနှင့် ခေတ်ဟောင်းနိုင်ငံရေးသမားကြီးတို့က လက်ရှောင်ခဲ့ကြပေသည်။

ကျနော့်အမြင်သည် အကယ်၍ ကျနော်တို့က လက်ရှောင်နေသော ကိစ္စကို ထိုအတိုင်းလွှတ်ထားပါက ထိုလိပ်ခဲတင်းလင်းဖြစ်နေသောကိစ္စကို စစ်အာဏာရှင်တို့က အသုံးချ၍ "တိုင်းပြည်ပြိုကွဲမည့်အရေးကြောင့်" တပ်မတော်ကို တိုးချဲ့နေရပါသည်ဟု အကြောင်းပြချက်ဖြင့် တောင်တန်းပြည်မမကျန် စစ်အာဏာဖြင့် ဆက်လက်နိုပ်ကွပ်နေမည်သာဖြစ်သဖြင့် ကိုယ်ကောင်းလျှင် ခေါင်းမရွှေ့ဟုဆိုသော စိတ်ဓာတ်ဖြင့် မိမိ၏ အမြင်ကို တင်ပြလိုက်ခြင်းဖြစ်ပါသည်။

**ပထမဆင့် ဗမာမုန်းတီးရေးစိတ်ကို ချေဖျက်ခြင်း**

ဗမာမုန်းတီးရေးစိတ်ကို ခြေဖျက်လိုလျှင် တိုင်းရင်းသားများဖက်မှ ၎င်းတို့ကို ဖိနှိပ်သတ်ဖြတ်နေသော ရင်းမြစ်ကို သိမြင်ဖို့လိုသည်။ ၎င်းတို့နှင့် ဗမာတိုင်းရင်းသားများကို သွေးခွဲအုပ်ချုပ်နေသည့် စစ်အာဏာရှင်စနစ်ကို မြင်မှသာ ဗမာမုန်းတီးရေးစိတ်မှ ဗမာများနှင့် အကျိုးတူပူးပေါင်း၍ စနစ်ဆိုးကို အတူတကွ တိုက်ထုတ်ပစ်မှသာ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော သာတူညီမျှရေး၊ လူ့အခွင့်အရေး အပြည့်အဝရရှိရေး၊ ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုသည့် ပန်းတိုင်ကို အဖိနှိပ်ခံပြည်သူများ၏ စုပေါင်းအားဖြင့် တည်ဆောက်နိုင်မည်ဖြစ်သည်။ ၎င်းနည်းတူ ဗမာလူမျိုးများကလည်း စစ်အာဏာရှင်စနစ်သည် တတိုင်းပြည်လုံးကို ဗမာမှုပြုခြင်း (Burmanization) သည် အားကျစရာ၊ သဘောတူစရာ လုပ်ရပ်မဟုတ်၊ အလွန်ကျဉ်းမြောင်းသည့် လူမျိုးကြီးဝါဒ တနည်း မဟာဗမာဝါဒဖြစ်သည်။ ၎င်းဝါဒသည် မြန်မာနိုင်ငံကြီးကို အင်အားတောင့်တင်းသည့် ဗမာနိုင်ငံတော်ကြီးအဖြစ်သို့ တွန်းမပို့ဘဲ ပြည်တွင်းစစ်သံသရာ၌ တဝဲလည်လည်ဖြစ်နေမည့် ဝါဒဖြစ်သည်။ ထိုအခါ ညီနောင်တိုင်းရင်းသားများ၏ တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သည့် တိုင်းရင်းစာပေ၊ စကား၊ ယဉ်ကျေးမှုများကို ပြုစုပျိုးထောင်ပေးခြင်း၊ မြေတောင်မြှောက်၍ အရှည်တည်တံ့အောင် တန်ဖိုးထားအားပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ယုံယုံကြည်ကြည် အားတက်သရောဖြင့် ရိုးသားစွာပြုကြဖို့ လိုအပ်ပေသည်။

ဥပမာ ကော်နဲမ်တက္ကသိုလ် (Cornell University) သည် အရှေ့တောင်အာရှ ဒေသနိုင်ငံများ၏ စာပေများကို အဓိကစုဆောင်း မှတ်တမ်းတင်သည့် စာကြည့်တိုက်များထားရှိသည်။ Kroch Library သည် အရှေ့တောင်အာရှနှင့် အရှေ့အာရှစာပေများကို အထူးသိုလှောင်ထားသော စာကြည့်တိုက်ကြီးဖြစ်သည်။ ပေါပေါ့ခမာနီများ ကမ္ဘောဒီယားနိုင်ငံကို တိုက်ခိုက်အာဏာသိမ်းယူပြီးနောက် ရှေးဟောင်းအမွေအနှစ် စာပေယဉ်ကျေးမှုများကို ဖောက်ပြန်

သော စာပေများအဖြစ် သတ်မှတ်၍ ကမ်းကုန်အောင် ဖျက်ဆီးပစ်ခဲ့သည်။ နောင်ဗီယက်နမ် ထောက်ခံမှုဖြင့် တက်လာသော ဟွန်ဆန်အစိုးရလက်ထက်တွင် ကမ္ဘောဒီးယားနိုင်ငံတွင် ယဉ် ကျေးမှုအမွေအနှစ်များ ခေါင်းပါးလျက်ရှိသည်ကို ပြန်လည်ပျိုးထောင်ရန် ကမ္ဘောဒီးယား ကိုယ် စားလှယ်အဖွဲ့ကို စေလွှတ်၍ ကော်နဲတက္ကသိုလ်စာကြည့်တိုက်မှ တန်ဖိုးထား ငွေကုန်ကြေးကျ ခံ သိမ်းဆည်းထားသော စာပေများအားလုံးကို ကူးယူနိုင်ခဲ့သဖြင့် ကမ္ဘောဒီးယားလူမျိုးတို့ မိမိ စာပေယဉ်ကျေးမှုတို့ကို ပြန်လည်ပြုစုထူထောင်နိုင်ခဲ့ပေသည်။

ဤအချက်က နိုင်ငံခြားတိုင်းပြည်တခုဖြစ်သည့် အမေရိကန်နိုင်ငံရှိ တက္ကသိုလ်များ၏ အမြော်အမြင်ကြီးမားမှု၊ မိမိနှင့် ဘာသာမတူ လူမျိုးမတူသဖြင့် ဂရုစိုက်စရာမလိုဆိုသည့် စိတ် ထားမျိုးမရှိဘဲ တိုင်းတပါးယဉ်ကျေးမှုပင် ဖြစ်လင့်ကစား တန်ဖိုးထား ထိန်းသိမ်းထားကြသည် ကို လေးစားမိပါသည်။ မြန်မာနိုင်ငံတွင်မူ ဗမာစကားသာ  သင်ယူရမည်၊ တိုင်းရင်း သားပြည် နယ်များတွင် တိုင်းရင်းသားများ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၌ တိုင်း ရင်းသားစာပေကို သင်ကြားခွင့်မရှိ ပိတ်ပင်ထားခဲ့သည့် ကျဉ်းမြောင်းသည့် လူမျိုးကြီးဝါဒကို ကျင့်သုံးလျက်ရှိသည်ကို ဂမ်းနည်းစွာတွေ့နေရသည်။

## မြန်မာပြည်ပညာရေးစနစ်သစ်

မြန်မာပြည်ပညာရေးစနစ်သစ်တွင် တိုင်းရင်းသားပြည်နယ်များတွင် မူလတန်းမှစ၍ တက္ကသိုလ်ဂင်တန်းအထိ မိမိလူမျိုးစာပေကို သင်ကြားခွင့်ရှိစေရမည်၊ ထို့အပြင် မြန်မာစာပေ ကိုလည်း သင်ယူရမည်၊ အင်္ဂလိပ်စာကိုလည်း သင်ယူရမည်။ တိုင်းရင်းသားစာပေ သင်ယူရ ခြင်းမှာ ကိုယ့်ဘာသာယဉ်ကျေးမှုကို ထိန်းသိမ်းရန်အတွက်ဖြစ်ပြီး၊ မြန်မာစာပေကို သင်ယူရ ခြင်းမှာ ပြည်တွင်း၌ အခြားလူမျိုးစုများအားလုံးနှင့် ဆက်သွယ်ရန် Internal Communication အတွက်ဖြစ်သည်။ အင်္ဂလိပ်စာပေသင်ယူရခြင်းမှာ ကမ္ဘာနှင့် ဆက်သွယ်နိုင်ရန်ဖြစ်သည်။ မြန်မာပြည်အရှေ့မြောက်ပိုင်း ဒေသ၊ လားရှိုးအထိ ပတ်ဂန်းကျင်တွင် နေထိုင်ကြသော ပြည် သူများ မြန်မာစကားထက် တရုတ်စကားကို အများသုံးဘာသာ စကားအဖြစ် ပြောဆိုနေကြပြီ ဖြစ်သည်။ ထိုဒေသတွင် တရုတ်လွှမ်းမိုးမှု ကြီးမားလာနေပြီဖြစ်ကြောင်း ဤအချက်က ထင်ရှား သဖြင့် အထူးသတိထားကြရန် လိုပေသည်။ ထို့အတူ ပြည်မရှိ တိုင်းများတွင်လည်း ကျောင်း များ၌ မြန်မာဘာသာအပြင် တိုင်းရင်းသားဘာသာတခုခုကို ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းရမည်။ ထိုအခါ ဗမာစကားပြော ကျောင်းသားများ တိုင်းရင်းသားဘာသာ တတ်လာသဖြင့် ညီနောင် တိုင်းရင်းသားများ၏ ဘာသာယဉ်ကျေးမှုတို့ကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာလိုက်စားသူများ ပေါ်ပေါက်လာပြီး၊ တိုင်းရင်းသားယဉ်ကျေးမှု အမွေအနှစ်များကိုလည်း တန်ဖိုးထားသည့် စိတ် ဓာတ်များ ပေါ်ပေါက်လာမည်ဖြစ်သည်။ ထို့အတူ တိုင်းရင်းသားများသည်လည်း ဗမာစကား တတ်ကျွမ်းသဖြင့် မိမိပြည်နယ်မှ အခြားပြည်နယ်များကို အလည်သွားရောက်သည်ဖြစ်စေ၊ အ

ခြေချ ပြောင်းရွှေ့နေထိုင်သည်ဖြစ်စေ ဗမာစကားဖြင့် ပြောဆိုဆက်ဆံနိုင်မည်ဖြစ်သလို တိုင်းရင်းသားဘာသာဆရာများလည်း ပြည်မတွင် အလုပ်အကိုင်များ ရရှိပွင့်လန်းလာပြီး အပြန်အလှန် လေးစားမှု၊ တဦးယဉ်ကျေးမှု ဓလေ့ထုံးစံကို တဦးက နားလည်မှု၊ တန်ဖိုးထားမှုတို့ ပေါ်ပေါက်လာပေလိမ့်မည်။

ဖို့ဒ်ဂိန်းမြို့တွင် နှစ်အတန်ကြာက ၎င်းအတွေးအခေါ်ကို ဆွေးနွေးတင်ပြသည့်အခါ တိုင်းရင်းသားများလည်း တက်ရောက်ဆွေးနွေးကြပြီး ထိုအထဲမှ ရှမ်းအမျိုးသမီးတဦး (ဒေါက်တာသောင်းထွန်း၏ ဇနီး) က သူမအနေနှင့် ရှမ်းပြည်တွင် ဗမာစကားသင်ကြားရန် မဖြစ်နိုင်ကြောင်း ရှမ်းပြည်တွင် ရှမ်းစကားသာသင်ရမည်ဖြစ်ကြောင်း ကန့်ကွက်ပြောဆိုခဲ့ပါသည်။ သူမက ထိုသို့ကန့်ကွက်ခြင်းကို ဗမာစကားနှင့် ပြောဆိုကန့်ကွက်ခဲ့ခြင်းအပေါ် ကျနော်က သူမပြောဆိုသည့် စကားမှာ ...

(၁) ဗမာစကားဖြစ်ခြင်း
(၂) ဗမာစကားနှင့် ပြောဆိုခြင်းကို တက်ရောက်သူများတွင် ပါဝင်သည့် ရှမ်း၊ ကရင်၊ ကချင်၊ မွန်တိုင်းရင်းသားများအားလုံး နားလည်ခြင်း၊ ထိုတိုင်းရင်းသားများ သူမ ပြောသမျှကို နားလည်သည်မှာ ၎င်းတို့အားလုံး ဗမာစကားကို ကျွမ်းကျင်စွာ တတ်ကျွမ်းခြင်းကြောင့်ဖြစ်ကြောင်း၊ ဗမာစကားသည် အများသုံးစကား နိုင်ငံသုံးစကားဖြစ်ကြောင်း၊ သူမအနေနှင့် ရှမ်းစကားဖြင့် ပြောဆိုပါက ရှမ်းများမှလွဲ၍ ကျန်လူများ နားလည်နိုင်လိမ့်မည်မဟုတ်ကြောင်း၊ ထို့ပြင် သူမအနေနှင့် ဗမာစကားကို သင်ကြားတတ်မြောက်ထားပြီး အခြားရှမ်းပြည်သူများကို သင်ရန်မလို ဆိုသည်မှာလည်း အဓိပ္ပာယ်မရှိကြောင်း ထောက်ပြခဲ့ပါသည်။

မွန်ကိုယ်စားလှယ်များက ကျွန်ုပ်၏ တင်ပြမှုကို လက်ခံပြီး မေးခွန်းတခု ထုတ်ခဲ့ပါသည်။ ၎င်းမေးသောမေးခွန်းမှာ မြန်မာလို့ခေါ်ခေါ် ဗမာလို့ခေါ်ခေါ် ကျွန်ုပ်တို့ နိုင်ငံသည် ဗမာလူမျိုးကို ကိုယ်စားပြုပြီး ပေးထားသလို ဖြစ်နေသည့်အတွက် ၎င်းအနေနှင့် မြန်မာနိုင်ငံ သို့မဟုတ် ဗမာနိုင်ငံဟူသော အသုံးအနှုန်းကို နိုင်ငံတခုအမည်ဖြင့် လက်မခံနိုင်ပါဟု တင်ပြဆွေးနွေးသွားပါသည်။

သူ့တင်ပြချက်ကို ကျွန်ုပ်၏ ကိုယ်ပိုင်တဦးတယောက်အနေနှင့် လက်ခံပါသည်။ ဟုတ်ပါသည်။ မြန်မာနိုင်ငံဟုခေါ်ခေါ် ဗမာနိုင်ငံဟုခေါ်ခေါ် ၎င်းအမည်သည် ဗမာလူမျိုးကို ကိုယ်စားပြုနေသယောင်ရှိပါသည်။ ထို့ကြောင့် ခင်ဗျားမှာကော ဒီနာမည်မကြိုက်ရင် ဘယ်လိုစဉ်းစားထားတာ ရှိသလဲဟု မေးခဲ့သည့်အခါ ထိုပုဂ္ဂိုလ်က သူလည်း မစဉ်းစားရသေးကြောင်း သို့ရာတွင် လက်ရှိအမည်ကိုမူ တိုင်းရင်းသားအားလုံးကို ကိုယ်စားမပြုဟု ခံစားရပြီး ဗမာလူမျိုးကိုသာ ကိုယ်စားပြုနေသည်ဟု တင်ပြခဲ့ပါသည်။

# အပိုင်း (၃)

## နိုင်ငံတော်အမည် ပြဿနာ

မွန်ကိုယ်စားလှယ် တင်ပြချက်သည် ဗမာလူမျိုးများအားလုံး စဉ်းစားရမည့် အချက်ဖြစ်ပါသည်။ မြန်မာဟုဆိုဆို ဗမာဟုဆိုဆို ၎င်းနာမည်သည် ဗမာလူမျိုးများကို အဓိက ဇောင်းပေးမှည့်ခေါ်ထားသော နာမည်ဖြစ်ပါသည်။ ထိုကြောင့် အများသဘောတူသည့် နိုင်ငံအမည်ကို အနာဂတ်ခေါင်းဆောင်များ စဉ်းစားဖို့လိုလာပါသည်။ စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ချင်လျှင် ဗမာလွှမ်းမိုးမှုကို ပယ်ဖျက်ရာ၌ နိုင်ငံအမည်သည်လည်း အဓိကပြောင်းလဲရန် လိုအပ်နေသည်ဟု ထင်ပါသည်။

မြန်မာပြည်ဖွား ကိုယ့်လူများသည် မိမိကိုယ်ကို အလွန်သိဒ္ဓိတင်လေ့ရှိသူများဖြစ်သည်။ ကိုရီးယားများကို ကကြီးဟုရင်း ဂျပန်များကို ခွေးဟုရင်း၊ မိမိကိုယ်ကို ရွှေဟုလည်းကောင်း တင်စားကြပါသည်။ ထို့ကြောင့် ကျနော် အကြံထွက်သည်မှာ မြန်မာနိုင်ငံကို "သုဝဏ္ဏဘူမိ" ခေါ်ရင်ကော တိုင်းရင်းသားအများစုက ကျေနပ်ကြပါမည်လားဟု မေးချင်ပါသည်။ သုဝဏ္ဏ= ရွှေ၊ ဘုမ္မိ= မြေ၊ ရွှေမြေဟု အဓိပ္ပာယ်ရသည်။

ဤသည်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှု၍ တတ်သလောက် ကလေးနှင့် စိတ်ကူးယဉ်တင်ပြချက်သာဖြစ်ပါသည်။ တိုင်းပြည်နာမည်ကို နဝတ/ နအဖတို့က ပြည်သူ့ဆန္ဒမပါဘဲ ပြောင်းလိုပြောင်း၊ အလံတော်ကို ဖြုတ်လိုဖြုတ် လုပ်နေသော်လည်း အကယ်၍ ဖယ်ဒရယ်စစ်စစ်တည်ဆောက်ရာတွင် ပြည်တွင်းရှိ လူအားလုံး၏ သဘောဆန္ဒကို ခံယူ၍ အများကျေနပ်သော နာမည်ကို လက်ခံရယူခြင်းသာလျှင် အကောင်းဆုံးဖြေရှင်းခြင်း ဖြစ်ပါလိမ့်မည်။

ဗမာလူမျိုးကြီးကို မယုံကြည်ခြင်း၊ လူအင်အားများသော ဗမာများက မိမိပြည်နယ် ငယ်လေးကို ဖိအားသုံး အနိုင်ကျင့်ခြင်းမှ လွတ်ကင်းရန်ဟု ကြံရွယ်ကာ တိုင်းရင်းသားခေါင်းဆောင်များက ပြည်မကို ပြည်နယ်တနယ်အဖြစ် သတ်မှတ်ရေးကို ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပပြုလုပ်ခဲ့သည်။ အမျိုးသားနီးနှောဖလှယ်ပွဲတွင် အဆိုပြုခဲ့သည်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုအချက်က တိုင်းရင်းသားများက ပြည်မ၏ ဩဇာအာဏာကို ထိန်းချုပ်ရန်ကြိုးစားမှုပင်ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ လူမျိုးရေးအမြင်ဖြစ်သော ရှမ်း၊ ဗမာ၊ ကရင်၊ ကချင် စသည့် အစွဲများရှိနေပြီး ဗမာမှန်းတီးရေး (သို့) ဗမာဆန့်ကျင်ရေးစိတ်ဓာတ်များ တိုင်းရင်းသားခေါင်းဆောင်များတွင် ကိန်းဝပ်နေခဲ့၍ဖြစ်သည်။ ပြည်နယ်များနှင့် ပြည်မဟူသည့် ကွဲပြားမှုက အားပြိုင်မှုကို ဖြစ်

စေခဲ့သည်။ ထိုကိစ္စသည် ဗမာအများစုက လက်ခံကျင့်သုံးနိုင်သည့် တောင်းဆိုမှုဟု မထင်ပါ။ ပြည်နယ်အားလုံး စုပေါင်းထားသော လူဦးရေထက် များနေသော ဗမာအုပ်စုကို တပြည်နယ်တမဲစနစ်နှင့် သွားမည်ဆိုသည်က ဗမာများက လက်သင့်ခံမည့်စနစ်မဟုတ်ချေ။ အဓိကပြဿနာမှာ လူမျိုးစုအခြေခံသည့် ပြည်နယ်များ ဖြစ်နေကြ၍ဖြစ်သည်။ ရှမ်းပြည်နယ်တခုတည်းတွင်ပင် ပြဿနာများစွာရှိသည်။ ကျနော်၏ ဖြေရှင်းချက်သည် တုံးတိတိဖြစ်ကောင်းဖြစ်ပေလိမ့်မည် သို့ရာတွင် ပြည်နယ်ပြည်မ ပြဿနာများအားလုံးကို ဖြေရှင်းပေးနိုင်မည့် တခုတည်းသော ဖြေရှင်းနည်းဖြစ်သည်ဟု မြင်သဖြင့် တင်ပြပါမည်။

မိမိတို့ လူမျိုးစုအတွက်လည်း မိမိလူမျိုးစုပြည်နယ် လိုချင်ပါသည်ဟူသော တောင်းဆိုမှုကို ပြေပျောက်စေပါလိမ့်မည်။ ရှမ်း(ကမ္ဘောဇ) ပြည်နယ်တွင်း နေထိုင်သူများအားလုံးက မိမိယုံကြည် အားထားသူကို ခေါင်းဆောင်တင်၍ ပြည်နယ်အစိုးရဖွဲ့နိုင်ခွင့်ရှိရမည်။ ထိုအခါ ထိုပြည်နယ်ရှိ ပြည်သူများက ပအိုဝ်လူမျိုးကို ကြိုက်လျှင် ထိုပအိုဝ်လူမျိုးသည် ကမ္ဘောဇ ပြည်နယ်၏ ခေါင်းဆောင်ဖြစ်လာပေမည်။ ထိုခေါင်းဆောင်သည် ထိုပြည်ရှိ ရှမ်းလူမျိုးတို့၏ ခေါင်းဆောင်လည်းဖြစ်သည်။

ထို့အတူ လူမျိုးစုပြည်နယ်များဖြစ်သော ချင်း၊ ကချင်၊ ကရင်၊ မွန်၊ ရခိုင်ပြည်နယ်တို့ကိုလည်း လူမျိုးစွဲပြည်နယ်များအဖြစ်မှ နယ်မြေကို အခြေပြုသည့် ပြည်နယ်များအဖြစ် ပြောင်းလဲရမည်ဖြစ်သည်။

ထို့အတူ ပြည်မရှိ တိုင်းရင်းသားကိုလည်း တိုင်းအဖြစ်မှ ပြည်နယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်းဖြင့် မြန်မာနိုင်ငံတွင် တိုင်းနှင့် ပြည်နယ်ဟူ၍ ကွဲပြားမှု မဖြစ်တော့ဘဲ ပြည်နယ် (၁၄) ပြည်နယ်ဖြင့် ဖွဲ့စည်းထားသော ဖယ်ဒရယ်ပြည်ထောင်စုအဖြစ် အကောင်အထည်ပေါ်လာမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ ဖယ်ဒရယ်စနစ်သည် လူမျိုးစုတို့ကို အခြေမခံဘဲ ပြည်နယ်အခြေခံ၍ တည်ဆောက်ထားခြင်းကြောင့် မည်သည့်လူမျိုးစုပြဿနာမှ ကြီးကြီးကျယ်ကျယ် မကြုံတွေ့ရသော်လည်း လူဖြူလူမဲပြဿနာကတော့ အကြွင်းအကျန်အဖြစ် ရှိနေသေးသည်။ လူဖြူလူများစုက အခွင့်အရေးပို၍ ရနေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း ပိုရနေခြင်းကို ထိန်းညှိရန်အတွက် Minority Rights ကို ဥပဒေထဲတွင်လည်းကောင်း ပြည်နယ်အုပ်ချုပ်ရေးအတွက်လည်းကောင်း ထည့်ပေးထားခြင်းဖြင့် လူနည်းစုများအခွင့်အရေးကို ကာကွယ်ပေးသည်။ မည်သည့်ဥပဒေ၊ နည်းဥပဒေတို့ဖြင့် လူနည်းစု လူမျိုးစုတို့ကို မြှင့်တင်ပေးမည်ဆိုသည်ကို နောင်တိုင်းရင်းသားပေါင်းစုံ ညီလာခံကြီးတွင် ဆွေးနွေးညှိနှိုင်းကြဖို့လိုသည်။

ခေတ်သစ်ပင်လုံစာချုပ်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဗမာအဖွဲ့အစည်းများ တက်ရောက်သည့် မဲသရောထဆွေးနွေးပွဲမှ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းအပေါ် ထိုမဲသရောထ ကြေညာစာတမ်းနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က ပင်လုံညီလာခံဟာ တိုင်းရင်းသားခေါင်းဆောင်များက စာရွက်ပေါ်မှာတင် ရေးထိုးခဲ့ကြတာမဟုတ် ၎င်းတို့ရဲ့ နှလုံးသားပေါ်မှာ စည်းလုံးညီညွတ်မှုကို ယုံကြည်ပါတယ်ဆိုပြီး ထိုးထားတဲ့ စာချုပ်ဖြစ်သည်။ ယခုအချိန်မှာ စစ်မှန်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မစွမ်းဆောင်နိုင်တဲ့အတွက် ပြည်ထောင်စုလို့ အခေါ်ရခက်နေပါတယ်ဟု ဂန်ခံခဲ့သည်။ ဒါကြောင့် စစ်မှန်တဲ့ ညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့အတွက် တိုင်းရင်းသားညီအစ်ကို မောင်နမတွေဟာ မိမိတို့ မကျေနပ်မှုတွေ၊ သဘောမတူညီမှုတွေကို ပွင့်ပွင့်လင်းလင်း အန္တရာယ်မရှိဘဲနဲ့ တင်ပြပေးနိုင်တဲ့ ဆွေးနွေးမှုရှိတဲ့ စနစ်တခုရှိဖို့လိုတယ်လို့ ပြောကြားခဲ့ပါသည်။ တိုင်းရင်းသားတွေ ပြည်ထောင်စုပေါ်မှာ ယုံကြည်မှု ကင်းမဲ့လာတာက အင်မတန်ဂမ်းနည်းဖို့ ကောင်းတယ်လို့ ရင်ဖွင့်ခဲ့ပါသည်။ မဲသရောထကြေညာချက်မှာပါတဲ့ တိုင်းရင်းသားများ လိုလားချက်ဖြစ်သည့် ...

(၁) စစ်အာဏာရှင်စနစ် ဖျက်သိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်။

(၂) ဒီမိုကရေစီနိုင်ငံရေးစနစ် ကျင့်သုံးရန်။

(၃) လူမျိုးတိုင်းတန်းတူ အခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများရရှိရန်။

(၄) ဖယ်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရန်တို့ဖြစ်သည်။

## အပိုင်း (၄)

မဲသရောထ ကြေညာစာတမ်းပါ အချက် (၆) ချက်သည် စစ်မှန်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်လိုသူများ မငြင်းပယ်နိုင်သည့် အချက်ကြီးဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ၎င်းအချက်များကို အများပြည်သူရှေ့မှောက်တွင် ဖတ်ပြပြီး ထောက်ခံခဲ့သောကြောင့် ဒေါ်အောင်ဆန်းစုကြည်အား တိုင်းရင်းသားခေါင်းဆောင်များက ချစ်ခင်လေးစား ထောက်ခံကြသည်ဟုဆိုလျှင် မမှားနိုင်ပါ။

၂၁ ရာစု ပင်လုံစာချုပ်ဟု ဆိုရာ၌ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်နှင့် တူနိုင်တော့မည် မဟုတ်ပါ။ သို့ရာတွင် အဓိကမူဖြစ်သော ...

(၁) တန်းတူညီမျှရေး

(၂) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး
(၃) စစ်မှန်သော ဖယ်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်ရေး

... ဆိုသည့် မူများကိုတော့ ပြောင်းလဲနိုင်မည်မဟုတ်သလို ငြင်းပယ်လို့လည်း မရနိုင်ပါ။ ၁၉၄၇ စာချုပ်တွင် ပါရှိသည့် "ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်" ကို ယနေ့ တိုင်းရင်းသားခေါင်းဆောင်များက ပစ်ပယ်လိုက်ပြီး ပြည်ထောင်စုကြီးအဖြစ် မခွဲမခွာဘဲ ရပ်တည်သွားမည်ဖြစ်ကြောင်း NDF (National Democratic Front) တွင် ပါဝင်သည့် တိုင်းရင်းသားအဖွဲ့အစည်းများက အတိအလင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သည်။ ထိုအချက်သည် ဗမာလူမျိုးများဘက်မှ တိုင်းပြည်ပြိုကွဲမည်ကို စိုးရိမ်ကြောင့်ကျနေသောစိတ်ကို ငြိမ်းအေးသက်သာရာရစေသည်ဟု မြင်သည်။

နဝတ/နအဖလက်ထက် ငြိမ်းချမ်းရေးယူထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ယနေ့အခြေအနေသည် ပြိုကွဲပျက်စီးတော့မည့် အနေအထားသို့ ဆိုက်ရောက်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် နအဖနှင့် ရယူထားသည့် ငြိမ်းချမ်းရေးသည် ယာယီအပစ်အခတ်ရပ်ထားသည့် ငြိမ်းချမ်းရေးကာလတခုသာဖြစ်သည်။ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရန်မှာ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် တန်းတူညီမျှရေးသည် အလွန်အရေးကြီးသည်။ ထိုအချက်တို့ကို စားပွဲဝိုင်းတွင် မဖြေရှင်းသရွေ့ ပြေလည်နိုင်လိမ့်မည် မဟုတ်ချေ။

နအဖ ကျင်းပပြုလုပ်သော အမျိုးသားညီလာခံတွင် တိုင်းရင်းသားများကို တက်ရောက်ခွင့်ပြုသော်လည်း လေ့လာသူများအနေဖြင့်သာ တက်ရောက်ခွင့်ပြုခဲ့ပြီး၊ ဆွေးနွေးခွင့်ရသည့် အနည်းစုမှာလည်း နအဖချပေးသည့် အကြောင်းအရာထက် ပို၍ တင်ပြခွင့် မရခဲ့သည့်အတွက် အများသဘောတူညီသော အချက်အလက်များ ပါမလာခဲ့ချေ။ ထို့ကြောင့် ၎င်းတို့လိုလားသည့် အဓိက ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် စစ်မှန်သောဖယ်ဒရယ်အုပ်ချုပ်ပုံ မပါဝင်သဖြင့် ၎င်းအခြေခံ ဥပဒေဖြင့် ဖော်ဆောင်လာမည့် အစိုးရသစ်သည် တိုင်းရင်းသားများသာမက ဗမာနိုင်ငံရေးပါတီများအတွက်လည်း လက်ခံနိုင်စရာမရှိခဲ့ခြင်းဖြစ်သည်။

## တခုတည်းသော တပ်မတော်

အမေရိကန်နိုင်ငံသည် ဖယ်ဒရယ်အုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ရေးဆွဲထားခြင်းဖြစ်ပြီး ပြည်နယ်တိုင်း ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိသည်။ ပြည်နယ်တခုချင်းစီ၏ အခြေခံဥပဒေသည်၊ ပြည်နယ်တခုနှင့်တခု ပြဋ္ဌာန်းသော ဥပဒေများ တူညီချင်မှ တူညီနိုင်သော်လည်း ဖယ်ဒရယ်အခြေခံဥပဒေနှင့် ဆန့်ကျင်ဘက်ဖြစ်လျှင် ဖယ်ဒရယ်၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။ ဖယ်ဒရယ်အစိုးရသည် ဗဟိုအစိုးရဖြစ်သည်။ ပြည်နယ်အစိုးရသည် ၎င်းပြည်နယ်ရှိ ပြည်သူများက

ရွေးချယ်တင်မြှောက်သည့်သူသည် Governor ဘုရင်ခံဖြစ်သည်။ ပြည်နယ်တိုင်းတွင် အထက်လွှတ်တော်အမတ် နှစ်ဦးနှင့် လူဦးရေအလိုက် အောက်လွှတ်တော်အမတ်များကို ရွေးချယ်ပေးရသည်။ သမ္မတကို ပြည်နယ်အားလုံးမှ ပြည်သူများက တိုက်ရိုက်ရွေးချယ်ခွင့်ရှိသည်။ သမ္မတသည် ပြည်နယ်အားလုံး၏ ရွေးချယ်တင်မြှောက်မှုကြောင့် ဖယ်ဒရယ်အစိုးရကို ဦးဆောင်သည်။

ဖယ်ဒရယ်ပြည်ထောင်စုတွင် တပ်မတော်ဦးစီးချုပ်သည် သမ္မတဖြစ်သည်။ ဖယ်ဒရယ်ပြည်ထောင်စုတွင် တပ်မတော်တခုတည်းသာရှိပြီး ပြည်နယ်များတွင် ကိုယ်ပိုင်တပ်မရှိချေ။ **ကျနော့်အနေနှင့် တပ်မတော်တခုတည်းသာ ရှိရမည်ကို လက်ခံပါသည်။** ယနေ့ နအဖသည်လည်း တခုတည်းသော တပ်မတော်ဖြစ်စေရန် ကြိုးစားသည့်အနေနှင့် နယ်ခြားစောင့်တပ်ဟုဆိုသည့် ဝေါဟာရကိုသုံးပြီး တိုင်းရင်းသားငြိမ်းအဖွဲ့များကို ၎င်း၏ လက်အောက်ခံ တပ်အသွင် ကူးပြောင်းရန် ကြံရွယ်ခြင်းဖြစ်ပါသည်။ မူအားဖြင့် ဟုတ်သလို ရှိသော်လည်း နအဖ၏ တခုတည်းသော တပ်မတော်ဖြစ်ပေါ်ရန် လုပ်ဆောင်မှုသည် ...

(၁) အများလက်ခံနိုင်သည့် အခြေခံဥပဒေမဟုတ်ခြင်း။
(၂) တိုင်းရင်းသားများ တောင်းဆိုချက်များကို ပစ်ပယ်လျစ်လျူရှုထားခြင်း။
(၃) တွေ့ဆုံဆွေးနွေး အဖြေရှာရေးထက် စစ်အာဏာကိုသုံး၍ ပြုလုပ်ခြင်း။
(၄) တိုင်းရင်းသားရပိုင်ခွင့်ဖြစ်သည့် တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို အာမခံချက် လုံးဝမရှိခြင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက လက်နက်စွန့်လွှတ်ရန် ငြင်းဆန်ခဲ့ကြခြင်းဖြစ်သည်ဟု သုံးသပ်ပါသည်။

အကယ်၍ အများသဘောတူ စစ်မှန်သော ဖယ်ဒရယ်အခြေခံဥပဒေကို တိုင်းရင်းသားများအားလုံး ညှိနှိုင်းရေးဆွဲခွင့်ရပြီး အပြန်အလှန် အလျှော့အတင်း ညှိနှိုင်းနိုင်ကြလျှင် အများလက်ခံသည့် အခြေခံဥပဒေ ပေါ်ပေါက်လာပြီး ထိုမှတဆင့် လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲ ပြုလုပ်ပေးခြင်းဖြင့် အများထောက်ခံမှုဖြင့် တက်လာသောအစိုးရကို ဖန်တီးနိုင်မည်ဖြစ်သည်။ **တိုင်းရင်းသားများ၏ ရပိုင်ခွင့် အပြည့်အဝရရှိလျှင် မည်သည့် တိုင်းရင်းသားများကမှ လက်နက်ကိုင်တပ်များ လိုအပ်တော့မည်မဟုတ်ဘဲ ဖယ်ဒရယ်တပ်မတော်ကသာ တိုင်းပြည်၏ ကာကွယ်ရေးကို တာဝန်ယူသွားလိမ့်မည်ဖြစ်သည်။** ပြည်နယ်များတွင် လက်နက်ကိုင်တပ်ဖွဲ့အနေဖြင့် ရဲတပ်ဖွဲ့များသာ တည်ရှိပေလိမ့်မည်။

## ယနေ့နိုင်ငံရေး အခြေအနေနှင့် ဖယ်ဒရယ်စိတ်ဓာတ်

ယနေ့နိုင်ငံရေးအခြေအနေသည် ပြည်တွင်းစစ်ဆီသို့ ဦးတည်နေသည်ဟု သုံးသပ်သည်။ ကချင်တပ်များ၊ ဂ တပ်များ၊ ရှမ်းတပ်များ၊ မွန်တပ်များ နအဖနှင့် ငြိမ်းချမ်းရေးယူထားခြင်းမှ ပျက်ပျယ်နေပြီဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲသည်လည်း ရုပ်ပျက်ဆင်းပျက် မဲလိမ်မဲခိုးမှုများ စံချိန်တင်လောက်အောင် သမိုင်းတွင်ရစ်မည့် ပြောင်လိမ်ပြောင်စားလုပ်ရပ်ဖြင့် ပြီးစီးသွားခဲ့ပြီး ပြည်တွင်းနိုင်ငံရေးအင်အားစုများနှင့် နအဖတို့ကြား နိုင်ငံရေးတင်းမာမှုကို ဖြစ်စေခဲ့သည်။

ရွေးကောက်ပွဲပြုလုပ်စဉ်ကာလ DKBA နှင့် နအဖတို့ မြဝတီတွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်း၊ ရှမ်းပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်း၊ ကချင်ပြည်နယ်တွင် တိုက်ရန်တာစူနေခြင်းတို့သည် ပြည်တွင်းစစ်မီး အချိန်မရွေး ထတောက်မည့် အနေအထားသို့ ရောက်ရှိနေခဲ့သည်။ ငြိမ်းချမ်းရေးယူထားသည့် ကာလတွင် ၎င်းတို့နယ်မြေတွင် အဆောက်အဦးများ၊ လမ်းများ၊ တံတားများ ပြည်တွင်းစစ်ဖြစ်လျှင် အားလုံးပျက်စီးကြဖို့ ရှိသဖြင့် တိုင်းရင်းသားများအနေနှင့် စစ်ဖြစ်ရန် မလိုလားချေ။ သို့ရာတွင် ၎င်းတို့လိုလားသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရလျှင် လက်နက်ကိုင်လမ်းစဉ်ကို မျက်စိမှိတ်ပြီး စွန့်လွှတ်ရန်လည်း မဖြစ်နိုင်ချေ။

ထိုကဲ့သို့ လိပ်ခဲတင်းလင်းဖြစ်နေသောအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်မှ ကြားဝင်၍ တိုင်းရင်းသားခေါင်းဆောင်များ၊ နအဖစစ်ခေါင်းဆောင်များနှင့် ပြည်တွင်းနိုင်ငံရေးခေါင်းဆောင်များကို ဆွေးနွေးလာစေရန် အဆိုပြု တိုက်တွန်းချက်များ တင်ပြလာပါက တပ်မတော် အတွင်းရှိ အမှန်တကယ် ငြိမ်းချမ်းရေးလိုလားသော ခေါင်းဆောင်များ စဉ်းစားလာနိုင်ခြေရှိသည်။ ဒုတိယပင်လုံညီလာခံ ဖြစ်ပေါ်လာရန်မှာ တပ်မတော်တွင်းရှိ ခေါင်းဆောင်များက လိုက်လျောမှု မရှိက ဖြစ်နိုင်ခြေမရှိချေ။

ထိုကြောင့် ဒုတိယပင်လုံညီလာခံ ဖြစ်ပေါ်လာစေရန် စစ်ခေါင်းဆောင်များဘက်မှ ပင်လုံစိတ်ဓာတ်ရှိသူ ခေါင်းဆောင်များ ပေါ်ထွက်လာဖို့ လိုအပ်သည်။ ထို့အတူ **တိုင်းရင်းသားခေါင်းဆောင်များထဲမှလည်း ကိုယ့်လူမျိုး ကိုယ့်ပြည်နယ်အစွဲမှ ကင်းလွတ်ပြီး တနိုင်ငံလုံးလွတ်မြောက်မှ ငါတို့ လွတ်မြောက်မယ်ဆိုတဲ့ နိုင်ငံနဲ့ချီတဲ့ ဦးဆောင်မှုကို ပြောင်းလဲကြိုးစားဖို့ လိုပါသည်။** မိမိပြည်နယ်တွင်းရှိ လူမျိုးပေါင်းစုံ တိုးတက်ရေးထက် မိမိလူမျိုးတမျိုးတည်း အတွက်သာ ဦးတည်လုပ်ဆောင်ပါက ဒေသတွင်းရှိ လူမျိုးရေးပဋိပက္ခကို ဦးတည်စေပါသည်။ တချို့တိုင်းရင်းသားခေါင်းဆောင်များတွင် မိမိခေါင်းဆောင်မှုရရှိရေးအတွက် လူမျိုးရေးလှုံ့ဆော်မှုကို လုပ်ပြီး ခေါင်းဆောင်မှုရအောင် ယူတတ်ကြသည်။ ထိုကဲ့သို့သော လူမျိုးများသည် တိုင်းပြည်

အတွက် ရောဝင်းကိုယ်စားပြုသည့် ပြည်နယ်အတွက်ရော အလွန်အန္တရာယ်ကြီးပါသည်။ **ဗမာ အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ ကိုယ့်လူမျိုး သူ့လူမျိုး အမြင်ထက် တနိုင်ငံလုံးရှိသူ သူများသည် မိမိနိုင်ငံသားများဖြစ်သည်ဆိုသည့် အမြင်ရှိဖို့လိုပါသည်။** ထိုအမြင် ထိုအတွေးရှိမှ တနိုင်ငံလုံးအရေးကို စေတနာထား၍ လုပ်နိုင်မည်ဖြစ်သည်။

ခေါင်းဆောင်ဆိုသည်မှာ ရေရှည်အမြင်ရှိသူဖြစ်ခြင်း၊ သဘောထားကြီးသူဖြစ်ခြင်း၊ မှန်ကန်သည်ဟု ယုံကြည်လျှင် ပြတ်သားစွာ ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်သူဖြစ်ခြင်း၊ မှားမှန်းသိလျှင်လည်း ဝန်ခံ၍ ပြင်ဆင်ရန် ဝန်မလေးသူဖြစ်ခြင်း၊ အများကောင်းစားရေးကို ရှေးရှုသူဖြစ်ခြင်း၊ မိမိကိုယ်ရေးကိုယ်တာထက် တိုင်းပြည်အရေးကို ဦးထိပ်ပန်ဆင်လျက် ကိုယ်ကျိုးစွန့်နိုင်သူဖြစ်ခြင်းဆိုသည့် အချက်များနှင့် ညီညွတ်မှုရှိမှသာ ခေါင်းဆောင်ကောင်းမည်ပါသည်။

ထို့ကြောင့် မြန်မာပြည်ရှိ ခေါင်းဆောင်များအနေနှင့် ...

(၁) တနိုင်ငံလုံး အကျိုးစီးပွားကို ကြည့်ပြီး လူမျိုးရေးဝါဒကို စွန့်ပစ်နိုင်ရမည်။

(၂) နိုင်ငံအတွင်းရှိ လူမျိုးစုများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ဘာသာစကား စာပေတို့ကို မပျောက်ပျက်ရန် ထိန်းသိမ်းခြင်းသည် တာဝန်တရပ်အနေနှင့်လည်းကောင်း၊ မိမိကိုယ်တိုင်က နှစ်နှစ်ကာကာ လုပ်သင့်သည်ဟု ယုံကြည်၍လည်းကောင်း သဘောတူလုပ်ဆောင်ခြင်း ဖြစ်ဖို့လိုသည်။

(၃) ပြည်နယ်အားလုံး တိုးတက်ဖွံ့ဖြိုးမှု ညီမျှမှုရှိအောင်လည်း သမာသမတ်ကျကျ ပြုလုပ်နိုင်သည့် မျှတသည့် စိတ်ထားလည်းရှိရမည်။

**ဥပမာ ။** ။ ချင်းတောင်တန်းဖွံ့ဖြိုးမှုသည် အခြားပြည်နယ်များထက် နိမ့်ကျ နေပါက ဖယ်ဒရယ်ဗဟိုအစိုးရမှ ချင်းတောင်တန်းကို ဖွံ့ဖြိုးရေးအတွက် ပိုမိုထောက်ပံ့ပေးခြင်းဖြင့် ချိန်ခွင်လျှာကို ထိန်းညှိပေးနိုင်သည်။ အဓိက အရေးကြီးသောအချက်မှာ ဖယ်ဒရယ်နိုင်ငံတော်ကြီး ပေါ်ပေါက်လာရန် ဆွေးနွေးညှိနှိုင်းကြသော အဖွဲ့အစည်းများသည် မိမိ လိုလားချက်များကို အသေဆုပ်ကိုင်ထားခြင်းမပြုဘဲ (Compromise) အလျှော့အတင်း ပြုလုပ်နိုင်သည့် နေရာတွင် ပြုလုပ်နိုင်ဖို့လိုသည်။ ထိုကဲ့သို့ အလျှော့အတင်း ပြုလုပ်နိုင်သည့် စိတ်ဓာတ်ကို မွေးမြူမှသာ ဆွေးနွေးပွဲများ အောင်မြင်နိုင်မည်ဖြစ်သည်။ မည့်သည့်အရာမျှ အလျှော့မပေးဆိုသည့် စိတ်ဓာတ်ဖြင့် ဆွေးနွေးခြင်းသည် အောင်မြင်နိုင်သည့် နည်းလမ်းမဟုတ်သလို ဆွေးနွေးပွဲဟူ၍လည်း မခေါ်ဆိုနိုင်ပါ။ တောင်းဆိုပွဲသာ ဖြစ်ပါလိမ့်မည်။

(၄) မြန်မာပြည်တွင်းရှိ နေထိုင်နေသည့် ပြည်သူများအားလုံး တန်းတူညီမျှရှိမှု၊ လွတ်လပ်ပိုင်ခွင့်တို့ကို လေးစားမြတ်နိုးရမည်။

(၅) လူမျိုးစုတစုနှင့်တစု ပဋိပက္ခဖြစ်စေနိုင်မည့် လူမျိုးရေးအရ နိမ့်ချခြင်း၊ စော်ကားခြင်းတို့ကို ရှောင်ရမည်။

(၆) လူမျိုးစုအခြေခံ ပြည်နယ်များအဖြစ်မှ နယ်မြေအခြေခံ ပြည်နယ်များအဖြစ်ကို ရဲဝံ့စွာ ပြောင်းလဲ၍ သွေးစည်းမှုကို တည်ဆောက်ရမည်။

လွတ်လပ်ရေး ရပြီးခါစ မြန်မာပြည်တွင် ပြည်တွင်းစစ် တောက်လောင်စဉ်က ရည်မှန်းချက်နှင့် ယနေ့ရည်မှန်းချက်တို့သည် သိသိသာသာ ကွာခြားသွားခဲ့ပြီဖြစ်သည်။ ကွန်မြူနစ်လက်နက်ကိုင်တော်လှန်ရေးသည် ဒီမိုကရေစီရရှိရေးမဟုတ်၊ ကွန်မြူနစ်ပါတီ၏ တပါတီ အာဏာရှင်စနစ်ကို အလုပ်သမား၊ လယ်သမား၊ လူတန်းစား အခြေပြု၍ တည်ဆောက်ရန် လက်နက်ကိုင်လမ်းစဉ်ကို လိုက်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၅ ခုနှစ် ကွန်မြူနစ်ပါတီကွန်ဂရက်မှ ပါတီစုံ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရေးလမ်းစဉ်ကို ချခဲ့သည်။ ယနေ့ကွန်မြူနစ်ပါတီသည် ပါတီစုံ ဒီမိုကရေစီစနစ်ကို အားပေးလာခဲ့သည်။ ထို့အတူ ကရင်ပုန်ကန်မှုသည် ဗြိတိသျှနယ်ချဲ့တို့၏ Divide and Rule Policy အရ ပြည်နယ်ပြည်မ သွေးခွဲအုပ်ချုပ်သွားခြင်း၏ ရလဒ်ဖြစ်သည်။ ရှမ်းစော်ဘွားများ၏ ခွဲထွက်ပိုင်ခွင့်တောင်းဆိုမှုကလည်း ပဒေသရာဇ်စနစ်ကို ထူထောင်၍ မိမိပြည်နယ် မိမိအုပ်ချုပ်ပြီး သားစဉ်မြေးဆက် အမွေဆက်ခံနိုင်ရေးဖြစ်သည်။ ဒီမိုကရေစီရရှိရေး မဟုတ်။

ယနေ့ တောင်းဆို တိုက်ပွဲဝင်နေခြင်းသည် ထိုအယူအဆတို့နှင့် လားလားမျှ မသက်ဆိုင်သည့် ဒီမိုကရေစီစနစ် တည်ထောင်ရေးဖြစ်သဖြင့် များစွာကွာခြားပါသည်။ ကမ္ဘာ့နိုင်ငံရေး ရေစီးကြောင်းသည် အာဏာရှင်စနစ်များ တဖြုတ်ဖြုတ် ကြွေကျ၍ ဒီမိုကရေစီနိုင်ငံများအသွင် ပြောင်းနေသည့် ခေတ်ဖြစ်သည်။ ထို့အတူ IT ခေတ်ကို ရောက်နေပြီဖြစ်၍ သတင်းမှောင်ချ၍ အာဏာကို ချုပ်ကိုင်ထားသောခေတ် ကုန်ပြီဖြစ်ကြောင်း အာဏာရှင်များကိုယ်တိုင်က သိမြင်နေကြပြီဖြစ်သည်။ ထို့ကြောင့် တိုးတက်သော ကမ္ဘာ့ဆက်သွယ်ရေးကွန်ရက်ကို အသုံးချ၍ မြန်မာပြည်ဖွား တိုင်းရင်းသားအားလုံး လက်တွဲညီညီဖြင့် လုပ်ဆောင်ကြမည်ဆိုလျှင် စစ်မှန်သော ပြည်ထောင်စုကြီး ပေါ်ပေါက်လာရန် မဝေးတော့ပါ။

**နိဂုံး** ။ ။ ကမ္ဘာ့ပေါ်ရှိ နိုင်ငံအများက အမေရိကန်နိုင်ငံ၏ တိုးတက်မှုကို အားကျကြသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားများကလည်း အမေရိကန်နိုင်ငံလို ဖြစ်ချင်ကြသည်။ အမေရိကန်နိုင်ငံသည် ဖယ်ဒရယ်စစ်စစ်နိုင်ငံဖြစ်သည်။ အမေရိကန်နိုင်ငံ၏ နိုင်ငံသားစစ်စစ်များသည် Native American ဟု ခေါ်သော Red Indians များ ဖြစ်သည်။ ၎င်းတို့သည် အသားနီစပ်စပ်နှင့် ကုလားရုပ်ပေါ်နေ၍ လူဖြူများက Red Indians ဟု ခေါ်ဝေါ်ခဲ့သည်။ နောင်တွင် ဌာနေလူမျိုးစုတို့က Red Indians (ကုလားနီများ) အခေါ်အဝေါ်သည် ၎င်းတို့ကို နှိမ့်ချထားသည်ဟု ကန့်ကွက်ပြောဆိုလာသဖြင့် Native Americans ဟု အခေါ်ကို ပြောင်းလဲသုံးစွဲလာကြသည်။ ၎င်း (Native) ဌာနေ လူမျိုးစုတို့က လူဖြူများ ၎င်းနိုင်ငံသို့ အခြေချ နေထိုင်လာသဖြင့် ၎င်းတို့မှာ လူနည်းစုဖြစ်လာရသည်ကို ထောက်ပြ၍ ၎င်းတို့၏ လူနည်းစုအခွင့်အရေး၊

ယဉ်ကျေးမှုထိန်းသိမ်းရေးတို့ကို တောင်းဆိုတင်ပြမှုအပေါ် အစိုးရက ၎င်းတို့အတွက် အထူး ရန်ပုံငွေများ၊ စီးပွားရေးဖွံ့ဖြိုးမှုအတွက် စီးပွားရေးလုပ်ကွက်များကို ပေးခဲ့ရသည်။ ယခုအခါ ၎င်း တို့ကိုယ်၌ ၎င်းတို့သည် အမေရိကန်များအဖြစ် ခံယူနေကြပြီ ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာ့အရပ်ရပ် အထူးသဖြင့် ဥရောပမှ အခြေချသူများ လာ ရောက်အခြေချခြင်းမှ လူနီနေထိုင်သောနိုင်ငံမှ လူဖြူများကြီးစိုးသော နိုင်ငံအဖြစ်သို့ ပြောင်းလဲ လာသည့် နိုင်ငံဖြစ်သည်။ ဥရောပမှ အင်္ဂလိပ်များ၊ ပြင်သစ်များ၊ ဂျာမန်များ၊ ပေါ်တူဂီများ၊ အီ တာလျံများ၊ ဒတ်ချ်များ အုပ်စုလိုက် ပြောင်းရွှေ့အခြေချလာခြင်းဖြင့် နိုင်ငံသစ် ထူထောင်လိုသူ များ ပေါင်းစည်းနေထိုင်ကြပြီး ပေါ်ပေါက်လာသော နိုင်ငံတော်ကြီးဖြစ်သည်။

အမေရိကန်နိုင်ငံသည် ပထမ ဗြိတိသျှတို့ လက်အောက်ခံနိုင်ငံဖြစ်သည်။ ဗြိတိသျှတို့ ကို အခြေချနေထိုင်သူများက တော်လှန်ပြီး လွတ်လပ်ရေးကို ရယူခဲ့သည်။ ထို့နောက် ဖယ်ဒ ရယ် နိုင်ငံတော်ကြီးကို တည်ထောင်ရန် ကွဲပြားနေသော ပြည်နယ်များကို စုပေါင်းပြီး အခြေခံ ဥပဒေကို ရေးဆွဲခဲ့သည်။ အမေရိကန်နိုင်ငံ၏ Federalist paper သည် ထင်ရှားသော စာ တမ်းတခုအဖြစ် ကျန်ရစ်ခဲ့သည်။ အမေရိကန်၏ ဖယ်ဒရယ်မှုအရ ပြည်နယ်တိုင်းသည် ကိုယ် ပိုင်အုပ်ချုပ် ပြဋ္ဌာန်းခွင့်ရှိသည်။ သို့ရာတွင် ဗဟိုအစိုးရ၏ အခြေခံဥပဒေပါ အချက်များနှင့် သွေ ဖည်ခြင်းမရှိစေရပေ။

အမေရိကန်ပြည်သည် ဆိုးဝါးသော ပြည်တွင်းစစ်ကိုလည်း တောင်မြောက်ကွဲပြီး ဖြတ် သန်းခဲ့ရသည်။ မြောက်ပိုင်းမှ ကျေးကျွန်စံနစ်ကို ဖျက်သိမ်းမှုကြောင့် ဖြစ်ပွားလာခဲ့သော စစ်ပွဲ သည် ကျွန်စံနစ် ဖျက်သိမ်းလိုသည့် မြောက်ပိုင်းမှ အနိုင်ရသွားခဲ့သည်။

ယနေ့ အမေရိကန်နိုင်ငံသည် ပြည်ထောင်စုစစ်စစ်နိုင်ငံဖြစ်သည်။ ၎င်းနိုင်ငံတွင် နေ ထိုင်သူများက မိမိကိုယ်ကိုမိမိ အမေရိကန်များဟု ယုံကြသည်။ အမေရိကန်နိုင်ငံတွင် မွေးဖွား သည့် မည်သည့်လူမျိုးမဆို အမေရိကန်နိုင်ငံသားဖြစ်သည်ဆိုသည့် ဥပဒေသရှိသလို တခြား နိုင်ငံတွင် မွေးဖွားခဲ့ပြီး အမေရိကန်နိုင်ငံတွင် ဥပဒေဘောင်အတွင်းမှ အချက်အလက်များနှင့် ပြည့်စုံလျှင်လည်း နိုင်ငံသားခံယူခွင့်ရှိသည်။

တရုတ်၊ ရုရှား၊ ဂျာမန်၊ အာဖရိက စသည့် နိုင်ငံတို့မှ လာရောက် အခြေချ နေထိုင်သူ များအားလုံး မိမိတို့သည် အမေရိကန်များဖြစ်သည်ဟု ခံယူကြသည်။ ၎င်းတို့၏ အသားအရေ သည် ဖြူ၊ ဝါ၊ မဲ၊ နီ ဖြစ်ချင်ဖြစ်မည် ၎င်းတို့သည် အမေရိကန်များ ဖြစ်ကြသည်။ ထိုအခါ အာ ရှနွယ်ဖွားတဦးကို ဘာလူမျိုးလဲဟု မေးလျှင် ၎င်းက အမေရိကန်လူမျိုးဟု ဖြေမည်ဖြစ်သည်။ ဘာမျိုးရိုးက ဆင်းသက်လာသလဲဟုဆိုလျှင် တရုတ်-အမေရိကန် (Chinese American)

ဖြစ်သည်ဟု ဖြေပေလိမ့်မည်။ အဓိပ္ပာယ်မှာ မိဘမျိုးရိုးသည် တရုတ်ဖြစ်သည်၊ သို့ရာတွင် သူသည် အမေရိကန်ဖြစ်သည်။ ထို့အတူ ကပ္ပလီတဦးကို မေးပါကလည်း အမေရိကန်လူမျိုးဖြစ်ပြီး မျိုးရိုးဇီဇမှာ အာဖရိကန်-အမေရိကန် (African-American) ဖြစ်သည်ဟု ပြောမည်ဖြစ်သည်။ အမေရိကန်လူမျိုးဆိုသည်မှာ လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် အမေရိကန်နိုင်ငံတွင်းရှိ လူအားလုံးကို ခေါ်ပါသည်။ ထိုအချက်က ၎င်းတို့သည် တနိုင်ငံလုံးနှင့် သက်ဆိုင်သူများ၊ တနိုင်ငံလုံးရှိသူများက ၎င်းတို့နိုင်ငံဟု သတ်မှတ်သည်ဟု အဓိပ္ပာယ်ရပါသည်။

ယနေ့ မြန်မာပြည်တွင် တိုင်းရင်းသားများက မိမိပြည်နယ်ကိုသာ အသိအမှတ် ပြုထားပြီး မြန်မာနိုင်ငံကို မိမိတို့နိုင်ငံဟု အသိအမှတ် ပြုမထားခြင်းသည် အမေရိကန်တို့နှင့် ကွာခြားပါသည်။ အမေရိကန်နိုင်ငံလို ဖြစ်ချင်ပါက ၎င်းတို့ကဲ့သို့ စိတ်ဓာတ်ကို မွေးမြူရမည်ဟု တင်ပြလိုပါသည်။

အမေရိကန်နိုင်ငံသားများသည် မိမိတို့မျိုးရိုးက ဒုတိယနေရာတွင်ရှိသည်။ တိုင်းပြည်က ပထမဖြစ်သည်။ အမေရိကန်ဆိုသည်ကို ဂုဏ်ယူဝင့်ကြွားစွာ ပြောနိုင်ကြသည်။ မြန်မာ ပြည်တွင် မိမိတို့သည် မြန်မာနိုင်ငံသားဖြစ်သည်ဟု တိုင်းရင်းသားလူမျိုးစုတို့က မပြောလိုကြ၊ မြန်မာနိုင်ငံ၏ နိုင်ငံသားများဖြစ်သည်ဟူသော ခံယူချက်ကို ထားနိုင်မှ စစ်မှန်သောဖယ်ဒရယ် ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ လူမျိုးစွဲများကို ဖြေဖျောက်နိုင်မှသာ ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

**ထွန်းအောင်ကျော်**